သင်ခန်းစာ ၁၃

# စစ်မှန်သောဘာသာကို သင်မည်သို့တွေ့ရှိနိုင်မည်နည်း

***ဘာသာအားလုံး ဘုရားသခင့်အလိုတော်နှင့်တွေ့သလော၊ သို့မဟုတ် တစ်ခုတည်းသာ တွေ့တော်မူသလော။ (၁)***

***ခရစ်ယာန်ဟုအမည်ခံသော ဘာသာအမြောက်အမြား အဘယ်ကြောင့်ရှိရသနည်း။ (၂)***

***စစ်မှန်သောခရစ်ယာန်များကို သင်မည်သို့ခွဲခြားသိမြင်နိုင်မည်နည်း။ (၃-၇)***



၁။ ယေရှုသည် စစ်မှန်သောခရစ်ယာန်ဘာသာတစ်ခုကို အစပြုခဲ့၏။ ထို့ကြောင့် ယနေ့ယေဟောဝါဘုရားသခင်ကို စစ်မှန်သောနည်းဖြင့်ဝတ်ပြုကိုးကွယ်သူများ၏အဖွဲ့ သို့မဟုတ် အုပ်စုတစ်စုတည်းသာ ရှိရမည်။ (ယောဟန် ၄:၂၃၊ ၂၄; ဧဖက် ၄:၄၊ ၅) သမ္မာကျမ်းစာက ကျဉ်းမြောင်းသောအသက်လမ်းပေါ်၌ လူနည်းစုသာရှိကြောင်း သွန်သင်ထား၏။ —မဿဲ ၇:၁၃၊ ၁၄။

၂။ တမန်တော်များသေဆုံးပြီးနောက် မှားယွင်းသောသွန်သင်ချက်များနှင့် ခရစ်ယာန်မဆန်သောအကျင့်အကြံများသည် ခရစ်ယာန်အသင်းတော်အတွင်းသို့ တဖြည်းဖြည်းဝင်လာမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက ကြိုတင်ဟောထား၏။ လူတို့သည် ယုံကြည်သူများကို ခရစ်တော်နောက်လိုက်စေမည့်အစား မိမိတို့နောက်လိုက်ရန် ဆွဲဆောင်သွားကြလိမ့်မည်ဖြစ်သည်။ (မဿဲ ၇:၁၅၊ ၂၁-၂၃; တမန်တော် ၂၀:၂၉၊ ၃၀) ထို့ကြောင့် ခရစ်ယာန်အမည်ခံသော ကွဲပြားသည့်ဘာသာမြောက်မြားစွာကို ကျွန်ုပ်တို့တွေ့မြင်နေကြရခြင်းဖြစ်၏။ စစ်မှန်သောခရစ်ယာန်များကို ကျွန်ုပ်တို့မည်သို့ခွဲခြားသိမြင်နိုင်မည်နည်း။

၃။ စစ်မှန်သောခရစ်ယာန်များ၏ အထင်ရှားဆုံးသောအမှတ်လက္ခဏာမှာ *သူတို့အချင်းချင်းအမှန်ပင်ချစ်ခြင်း* ဖြစ်၏။ (ယောဟန် ၁၃:၃၄၊ ၃၅) သူတို့သည် အခြားသောလူမျိုးများ သို့တည်းမဟုတ် အခြားသောအသားအရောင်ရှိသူများထက် သာသည်ဟု သွန်သင်မခံရကြပါ။ အခြားသောနိုင်ငံများမှ လူတို့ကို မုန်းတီးရန်လည်း သွန်သင်မခံရပါ။ (တမန်တော် ၁၀:၃၄၊ ၃၅) ထို့ကြောင့် စစ်များတွင် သူတို့မပါဝင်ကြပါ။ စစ်မှန်သောခရစ်ယာန်များသည် တစ်ဦးကိုတစ်ဦး ညီအစ်ကိုမောင်နှမများကဲ့သို့ ပြုမူဆက်ဆံကြသည်။ —၁ ယောဟန် ၄:၂၀၊ ၂၁။

၄။ စစ်မှန်သောဘာသာ၏ နောက်အမှတ်လက္ခဏာတစ်ခုမှာ ၎င်း၏အသင်းသားများသည် *ကျမ်းစာကို အလွန်အလေးဂရုပြုကြခြင်း* ဖြစ်၏။ ယင်းကို ဘုရားသခင်၏နှုတ်ကပါဌ်တော်အဖြစ် သူတို့လက်ခံကြပြီး ယုံကြည်ကြ၏။ (ယောဟန် ၁၇:၁၇; ၂ တိမောသေ ၃:၁၆၊ ၁၇) ဘုရားသခင့်နှုတ်ကပါဌ်တော်ကို လူ့အကြံအစည် သို့မဟုတ် ဓလေ့ထုံးစံတို့ထက် သာ၍အရေးကြီးသောအရာအဖြစ် သူတို့သဘောထားကြ၏။ (မဿဲ ၁၅:၁-၃၊ ၇-၉) သူတို့၏နေ့စဉ်အသက်တာတွင် ကျမ်းစာအတိုင်း ကြိုးစား၍အသက်ရှင်ကြ၏။ ထို့ကြောင့် သူတို့

သည် ဟောတော့တစ်မျိုး၊ လုပ်တော့တစ်မျိုး မဟုတ်ကြပေ။ —တိတု ၁:၁၅၊ ၁၆။

၅။ စစ်မှန်သောဘာသာသည် *ဘုရားသခင်၏နာမတော်ကို ဂုဏ်တင်* ရကြမည်။ (မဿဲ ၆:၉) ယေရှုသည် ယေဟောဝါဟူသည့် ဘုရားသခင်၏နာမတော်ကို အခြားသူများအား ကြေညာတော်မူခဲ့၏။ စစ်မှန်သောခရစ်ယာန်များလည်း ထိုနည်းတူပြုရကြမည်။ (ယောဟန် ၁၇:၆၊ ၂၆; ရောမ ၁၀:၁၃၊ ၁၄) ဘုရားသခင်၏နာမတော်အကြောင်း အခြားသူများကိုပြောပြသော သင့်ရပ်ကွက်တွင်းရှိသူများမှာ မည်သူများနည်း။

၆။ စစ်မှန်သောခရစ်ယာန်များသည် *ဘုရားသခင့်နိုင်ငံတော်အကြောင်း ဟောပြော* ရကြမည်။ ယေရှုသည် ထိုသို့ပြုတော်မူခဲ့၏။ ဘုရားသခင့်နိုင်ငံတော်အကြောင်းကို ကိုယ်တော်အစဉ်မိန့်မြွက်တော်မူခဲ့၏။ (လုကာ ၈:၁) ကမ္ဘာတစ်ခွင်လုံး၌ ဤထပ်တူသတင်းကိုပင်ဟောပြောရန် တပည့်တော်များအား ကိုယ်တော်မိန့်မှာတော်မူခဲ့၏။ (မဿဲ ၂၄:၁၄; ၂၈:၁၉၊ ၂၀) ဘုရားသခင်၏နိုင်ငံတော်သည်သာ ဤကမ္ဘာမြေကြီး၌ စစ်မှန်သောငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ဖြစ်စေမည်အကြောင်း စစ်မှန်သောခရစ်ယာန်များ ယုံကြည်ကြ၏။—ဆာလံ ၁၄၆:၃-၅။

၇။ ယေရှု၏တပည့်တော်များသည် *ဤဆိုးညစ်သောလောက၏ အစိတ်အပိုင်းမဖြစ်ကြ* ရပါ။ (ယောဟန် ၁၇:၁၆) သူတို့သည် လောကနိုင်ငံရေးပြဿနာများနှင့် လူမှုရေးအငြင်းပွားမှုများတွင် မပါဝင်ကြချေ။ လောကတွင်ရိုးနေပြီဖြစ်သော အန္တရာယ်ရှိသည့် ပြုမူနေထိုင်ပုံ၊ အကျင့်အကြံများနှင့် သဘောထားများကို သူတို့ရှောင်ကြဉ်ကြ၏။ (ယာကုပ် ၁:၂၇; ၄:၄) သင့်ရပ်ကွက်၌ စစ်မှန်သောခရစ်ယာန်ဘာသာ၏ အဆိုပါအမှတ်လက္ခဏာများရှိသော ဘာသာရေးအုပ်စုတစ်စုကို သင်ခွဲခြားသိမြင်နိုင်သလော။





***စစ်မှန်သောခရစ်ယာန်များသည် တစ်ဦးကိုတစ်ဦးမေတ္တာထားကြ၊ ကျမ်းစာကိုအလေးဂရုပြုကြကာ ဘုရားသခင့်နိုင်ငံတော် အကြောင်းကို ဟောပြောကြ၏***